

ဝမ္မသာဝက

# ယူကြစေလို အမြဲကုသိုလ်

## လှူကြတန်းကြ မြတ်ဒါန

တရားချစ်ခင် သူတော်စင် အပေါင်းတို့အနေနှင့် မပြဲမပြတ် ကုသိုလ်ရရှိနိုင်ကြစေရန် နိဗဒ္ဓကုသိုလ်ယူတတ်ရန်လိုအပ်ပါသည်။

ထိုနိဗဒ္ဓကုသိုလ်သည် (၇)မျိုးရှိကာ အောက်ပါအတိုင်းဖြစ်ပေ၏။

၁။ တိဏ္ဍသရဏာနိ ... သရဏဂုံ သုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း၊

၂။ ပဥ္စသီလာနိ ... ငါးပါးသီလတို့ကို ဆောက်ထည်ထားရှိခြင်း၊

၃။ သလာကဘတ္တံ ... စာရေးတံမဲချ၍ ဆွမ်း စသည်လှူဒါန်းခြင်း၊



၄။ ပက္ခိကဘတ္တံ … လပြည့်၊ လကွယ်၊ (၁၅)ရက်စသည် ပုံမှန်ဆွမ်း လှူဒါန်းခြင်း။

၅။ ဝဿဝါသိကံ … ဝါဆိုသင်္ကန်း လှူဒါန်းခြင်း၊

၆။ ပေါက္ခရဏီ … သောက်သုံးရေကန် လှူဒါန်းခြင်း၊

၇။ အာဝါသိကံ … ကျောင်းလှူဒါန်းခြင်း။

အထူးမှတ်ရန်ကား သရဏဂုံ သုံးပါးအား ကိုးကွယ် ဆည်းကပ်ရာတွင် နှုတ်မှ ရွတ်ဆိုယုံမက ယုံယုံကြည်ကြည် လေးလေးမြတ်မြတ် ကိုးကွယ်ဆည်းကပ် သမှုပြုကြရမည် ဖြစ်ပေသည်။

ငါးပါးသီလ ဆောက်တည်ခြင်းဖြင့် ဒုစရိုက်မှုများကို တင်းတင်းကြပ်ကြပ် ရှောင်ကြဉ်ရာ၏။

သူတစ်ပါး၏လင်သား၊ သားမယား၊ သားသမီးတို့အား လွန်ကျူးရန် ကြုံလာသည့်အခါများတွင် အသိတရားဖြင့် ထိန်းချုပ်ကာ ရှောင်ကြဉ်သမှု ပြုရပေမည်။

လိမ်ညာပြောဆိုရန် အခွင့်အခါ ကြုံသော်လည်း ရှောင်ကြဉ်၍ အမှန်စကားကိုသာ ပြောဆိုရာ၏။

သေရည်သေရက် သောက်စားရန်ကြုံက ရှောင်ကြဉ်ခြင်းဖြင့်တားဆီးရန်၊

သူတစ်ပါး ပစ္စည်းဥစ္စာ ခိုးရန် အခွင့်အခါ ပေးသော်လည်း ထိန်းချုပ်ရှောင်ကြဉ်သမှု ပြုရန် စသည်တို့ သည် ငါးပါးသီလ စောင့်ထိန်းခြင်းဖြစ်သည့်အတွက် အမြဲမပြတ် ကုသိုလ် ဖြစ်သောကြောင့် နိဗ္ဗဒ္ဓကုသိုလ်ရရှိနေခြင်းဟု ဆိုနိုင်ပေသည်။

အကြိမ်မှန်၊ ရက်မှန်၊ စသည်ဖြင့် စာရေးတံမဲချကာ ဆွမ်းအစရှိသည့် လှူဖွယ်ပစ္စည်းများအား လှူဒါန်းသော ပုဂ္ဂိုလ်တို့သည် လှူဖွယ်ပစ္စည်းများ စုံစေရန် စုဆောင်းကြရသည်ဖြစ်ရာ ထိုလှူဖွယ် ပစ္စည်းများ စုဆောင်းတိုင်း ကုသိုလ်စိတ်ဖြင့် စုဆောင်းနေရခြင်း ဖြစ်သည့်အတွက် အမြဲမပြတ် နိဗဒ္ဓကုသိုလ်ရရှိနေပေ၏။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသူများသည် နှစ်စဉ် လှူဒါန်းရမည်ကို တောင့်တသတိရကြသည်သာ ဖြစ်ရာ ထိုသို့ လှူဒါန်းရမည်ကို သတိရတိုင်း အမြဲမပြတ် နိဗဒ္ဓကုသိုလ်ကို ရရှိနေကြသည်သာဖြစ်၏။

လူအများ သောက်သုံးရန် ရေကန်၊ ရေတွင်း၊ ရေချမ်းစင် စသည် လှူဒါန်းကြသူ ပုဂ္ဂိုလ်တို့သည် အရပ်မျက်နှာ အသီးသီးမှ သောက်သုံးသူတို့ ရောက်လာတိုင်း ကုသိုလ်ရနေသည် ဖြစ်ရာ နိဗဒ္ဓကုသိုလ်အမြဲရရှိနေပေသည်။

ကျောင်း လှူဒါန်းခြင်းဖြင့် ကျောင်းအတွင်း၌ နေထိုင်သတင်းသုံးကြကုန်သော ရဟန်း၊ သံဃာ၊ အပေါင်းတို့နှင့် ကျောင်းသားများအား သီလပေးခြင်း၊ တရားဓမ္မ ဟောကြားခြင်း၊ စာပေပို့ချခြင်း၊ သင်အံ့ လေ့ကျက်ခြြင်း၊ စာပြန်ခြင်း၊ သီတင်းသုံးခြင်း ကိစ္စများ အမြဲပြုလုပ်စေမှု ပြုသကဲ့သို့ ဖြစ်ရာ ထိုသည်လည်း နိဗဒ္ဓ အမြဲကုသိုလ်ရရှိနေခြင်းပင် ဖြစ်သည်။

အမြဲမပြတ် ကုသိုလ်နဗဒ္ဓ(၇) မျိုးနှင့် ပြည့်စုံသော ဒါယကာ၊ ဒါယိကာမများသည် ယခုဘဝ၌လည်း ကာယစိတ္တ နှစ်ပါးနှင့် ပြည့်စုံကာ ချမ်းချမ်းသာသာ ကြွယ်ကြွယ်ဝဝ နေထိုင်ကြရမည် ဖြစ်သကဲ့သို့ နောင်လာမည့် ဘဝအဆက်ဆက်၌လည်း ပိုမိုချမ်းသာ ပြည့်ဝသော ကာယစိတ္တသုခနှစ်ဖြာအား ရရှိခံစားကြရမည် အမှန်ဖြစ်ပေ၏။

ထို့ကြောင့် တရားချစ်ခင် ယောဂီ သူတော်စင် ဓမ္မမိတ်ဆွေအပေါင်းတို့သည် သာသနာတော်နှင့် ကြုံဆုံခိုက် သာသနာ၏အရသာကို အပြည့်အဝ ခံစားနိုင်ရန် အမြဲမပြတ် နဗဒ္ဓကုသိုလ်ယူနိုင်ကြရန် ကြိုးစားအားထုတ်သင့်ကြောင်း တိုက်တွန်းနှိုးဆော်သမှု ပြုရပေ၏။

ဓမ္မသာဝက